အခန်း ၁ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)

(က) နွေရာသီကျောင်းပိတ်ရက်

ဘယ်ကို သွားခဲ့သလဲ။
ဘယ်သူနဲ့ သွားခဲ့သလဲ။
ဘာနဲ့ သွားခဲ့သလဲ။
ဘယ်တုန်းက သွားခဲ့သလဲ။

ကျောင်းပိတ်ရက်မှာ မိဘတွေကို ဘယ်လို ကူညီခဲ့ကြသလဲ။

ဘယ်နေရာတွေကို သွားခဲ့ကြသလဲ။

သင်္ကြန်ပွဲမှာ တော်တော် ပျော်ခဲ့ကြရဲ့လား။

၁။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)



(ခ) တောကြီးထဲကဆင် (ကဗျာ)



တောကြီးထဲကဆင်

ငသတ် သတ်လို့ ဆွဲကာငင်
တောကြီးထဲက ဆင်။
ဆင် ဆင့် ဆင်း လျှိုမြောင်တွင်း
ဝါးရုံတောကို နင်း။
နင် နင့် နင်း
ဆင် ဆင့် ဆင်း။

တင်မိုး

(ဂ) အင် (–င်) အင့် (–င့်) အင်း (–င်း)
အသတ်များ သင်ကြားကြစို့လား

အင်	**အင့်**	**အင်း**
–င်	**–င့်**	**–င်း**
–ဉ်	**–ဉ့်**	**–ဉ်း**

ဆင်	ဆင့်	ဆင်း
တင်	တင့်	တင်း
ထင်	ထင့်	ထင်း
နင်	နင့်	နင်း
ပင်	ပင့်	ပင်း

စဉ်	စဉ့်	စဉ်း
ကျင်	ကျင့်	ကျင်း
မြင်	မြင့်	မြင်း
ခွင်	ခွင့်	ခွင်း
နှင်	နှင့်	နှင်း

စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ပင် ပင့် ပင်း

စဉ် စဉ့် စဉ်း

၁။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။



မြင်း

တံစဉ်



ဆင်



နှင်းဆီပွင့်



ရေအိုးစင်

ထမင်း



လယ်ကွင်း

ပုစဉ်း

သဇင်

ထင်း	စင်မြင့်	ဆီးနှင်း	ယဉ်ကျေး	မိခင်ဖခင်	သူငယ်ချင်း
ငါးရှဉ့်	မြေပြင်	ပျဉ်ပြား	ရှင်းလင်း	အချိုအချဉ်	အလေ့အကျင့်

၁။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)

စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

မိုးစင်စင်လင်းပြီ။
ပြတင်းများ ဖွင့်ထားပါ။
သတင်းစာ နေ့စဉ်ကြည့်ရှုပါ။
သတင်းထူးလျှင် ပြောပါ။

တွင်းရေ ကြည်လင်၏။
ရေငင်နေသလား။
ရေအိုးကို ပင့်ပေးပါ။
အချင်းချင်း ကူညီရမည်။

ပညာရှိနှင့် ယှဉ်တွဲပါ။
စဉ်းစားတွေးခေါ်ဆင်ခြင်ပါ။
ယဉ်ယဉ်ကျေးကျေး ပြောဆိုပါ။
စည်းမျဉ်းစည်းကမ်းကို လေးစားပါ။

လယ်ကွင်းပြင်မှာ ရေဖွေးဖွေး
ပျိုမေလေးများ လယ်ထဲဆင်းကြမည်။
ပျော်ပျော်ရွှင်ရွှင် သီချင်းဆိုကြ၏။
ပျိုးပင်များ သယ်လာကြသည်။

စကားလုံးအမှန် ရွေးပါ။

(က) အစာများကို (ယင်၊ ယဉ်) မနားပါစေနဲ့။

(ခ) စကားကို (ညင်ညင်၊ ညဉ်ညဉ်) သာသာပြောပါ။

(ဂ) (စဉ့်၊ စင့်) အိုးထဲမှာ ရေအပြည့်ရှိတယ်။

(ဃ) အချင်းချင်း (ရိုင်းပင်း၊ ယိုင်းပင်း) ကူညီပါ။

(င) ဒီအသီးက (ချဉ် ၊ ချင်) လိုက်တာ။

(ဃ) အောင် (ောင်) အောင့် (ောင့်) အောင်း (ောင်း) အသတ်များ သင်ကြားကြစို့လား

အောင်	အောင့်	အောင်း
ောင်	ောင့်	ောင်း

စောင်	စောင့်	စောင်း	ကြောင်	ကြောင့်	ကြောင်း
ဆောင်	ဆောင့်	ဆောင်း	ဖြောင်	ဖြောင့်	ဖြောင်း
တောင်	တောင့်	တောင်း	မြောင်		မြောင်း
ထောင်	ထောင့်	ထောင်း	နှောင်	နှောင့်	နှောင်း
ရောင်	ရောင့်	ရောင်း	မြှောင်	မြှောင့်	မြှောင်း

စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

စောင် စောင့် စောင်း

ဖြောင် ဖြောင့် ဖြောင်း

၁။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

စာသင်ကျောင်း

ခေါင်းလောင်း

ကျောင်းသား

လှောင်အိမ်



မောင်း



စောင်း

ကြောင်

ပြောင်းဖူးပင်



ဝါးဖောင်

အောင်မြင်	ပျော့ပျောင်း	ဖြောင့်ဖြောင့်	သူရဲကောင်း	ပြည်ထောင်စု
ခြင်းတောင်း	ကောင်းကင်	ဆောင်းရာသီ	ခေါင်းဆောင်	အပေါင်းအဖော်

၁။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)

စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

ပြည်ထောင်စုသား ညီနောင်များတို့
ကောင်းစားစေကြောင်း
အားဖြည့်လောင်း၍
စုပေါင်းညီညာ ကြိုးပမ်းပါ။

ရွာနံဘေးက ချောင်းကလေး
လောင်းလှေကို လှော်ကြမည်။
ဖောင် မျှောလာသည်။
သဲသောင်ကို ရှောင်ပါ။

စာကြောင်းကို ဖြောင့်အောင်ရေးပါ။
မစောင်းပါစေနှင့်။
အရေးအသား ကောင်းအောင်ကြိုးစားပါ။
အစကောင်းမှ အနှောင်းသေချာမည်။

ကျောင်းသားလူငယ်များ
ရိုးသားဖြောင့်မှန်ကြသည်။
အများအကျိုးဆောင်ကြ၏။
ချီးကျူးစရာကောင်းသည်။